# တရုတ်ပြည် ကွေ့ဖိုး ၁၂ ရက် ခရီးစဉ် _003

April 20, စနေနေ့၊ ၆ နာရီခွဲ - Wake-up call, ၇ နာရီခွဲ မနက်စာ၊ ၈ နာရီခွဲ စထွက်။ ဒီနေ့က Maling River Gorge ကို သွားမှာဖြစ်ပါတယ်။ ဒီမြစ်ဟာ ဟူမင်းတောင်တန်းကနေအစပြုပြီး နန်းပင်မြစ်ရဲ့ မြောက်ဘက်အခြမ်းမှာ အရေးပါတဲ့ မြစ်လက်တက်တခုဖြစ်တယ်။ ချောက်ကမ်းပါးက (၄၆.၅) မိုင်ရှည်ပြီး ကိုက် ၂၀၀ နဲ့ ၄၀၀ ကျော်နက်ရှိုင်းပါတယ်။ အကျဉ်းဆုံးနေရာက (၅၅) ကိုက်ဘဲရှိပါတယ်။ မြစ်ကကျဉ်းပြီး ဘေးနှစ်ဘက်မှာ နက်ရှိုင်း တဲ့ကျောက်ကမ်း ပါးကြောင့် အပေါ်ကနေကြည့်ရင် ကျဉ်းမြောင်းတဲ့ အက်ကွဲနဲ့တူနေပါတယ်။ အောက်ကနေမော့ကြည့်ရင် ကောင်းကင်းပြာ အကြောင်းလေးဘဲ မြင်ရမှာပါ။ ဒီလို အနေအထားမျိုးဟာ အလွန်ရှားပါးတွေ့ရခဲတဲ့ မြင်ကွင်းတခုဖြစ်လို့ ကမ္ဘာမြေရဲ့ လှပတဲ့ အမာရွတ် လို့ အမည်ပေး တင်စားကြတယ်။

ရေတံခွန်ပေါင်း (၁၀၀) ကျော်ရှိတယ်လို့ ဆိုပါတယ်။ ရေတံခွန်တွေဟာ ဖျမ်းမျှ ကိုက် ၁၀၀ ကျော်ရှိကြတယ်။ ဒီအထဲမှာ ပုလဲရေတံခွန် နဲ့ သက်တန့်ရေတံခွန်က အလှဆုံးပါ။ ပုလဲရေတံခွန်ဟာ အလွန်မြင့်မားတဲ့ အပေါ်ကနေ ရေတံခွန်တွေစုပြီး ကျဆင်းလာတဲ့ ရေတွေဟာ လေထုထဲမှာပုလဲလုံးလေးတွေ ပြုတ်ကျ လွင့်မျောနေသလို ကျဆင်း နေပါတယ်။ သက်တန့်ရေတံခွန်ကတော့ ရေတံခွန် (၈) ခုတပြိုင်ထဲ ကျဆင်းလာပြီး မြစ်ပေါ် ကျရောက်တဲ့အခါ ပြန်စင်တက်တဲ့ ရေမှုံလေးတွေက နေရောက်ခြည်အောက်မှာ သက်တန့်တွေဖြစ်နေလို့ပါ။ နက်ရှိုက်တဲ့ ကျောက်ကမ်းပါးပေါ်ကနေ စီးကျလာတဲ့ ရေသံကလည်း သာယာလှပါတယ်။ ဂိတ်ဝကနေ ၁၀ မိနစ်လောက် လျှောက်ပြီး ဓါတ်လှေခါးနဲ့ ဆင်းရတယ်။ နောက် တစ်နာရီလောက် မြစ်ရိုးတလျှောက် လူလုပ်ပျဉ်းလမ်းကြောင်း အတိုင်း လျှောက်ပြီး သဘာဝရဲ့ ဖန်တီးမှုတွေကို ခံစားကြရတယ်။ နက်ရှိုင်တဲ့ ဘေးချောက်နရံ တွေမှာ ကယ်လစီယမ်တွေဟာ တချို့တွဲလောင်းခိုပြီး ရေတံခွန်လိုဖြစ် နေတာတွေကို တွေ့ရမှာပါ။ ဒီကျောက်ဆွဲတွေဟာ အရောင်မျိုးစုံ ပုံစံမျိုးစုံရှိနေတာကို တွေ့ရမှာပါ။ ဒါကြောင့်ဒေသခံတွေက ကယ်လစီယမ် ကျောက်ဆွဲ၊ ကယ်လစီယမ်ရေတံခွန်လို့ ခေါ်ကြတယ်။ ပန်းချီကားတွေ ရာချီပြီးချိပ်ထားတဲ့လမ်းလို့လည်း တင်စာပြောဆိုကြပါတယ်။ ဒီနက်ရှိုင်းတဲ့ နံရံတွေမှာ သဘာဝကယ်လစီယမ်ကြောင့်ဖြစ်တဲ့ ကျောက်ဆွဲများ၊ ရေတံခွန်တွေ ချောင်းရေတွေနဲ့ အလွန်မှ လှပသာယာ လှပေတယ်။ တောင်ကျရေ စမ့်ရေ မြစ်ရေ ရေတံခွန်ရေ တွေနဲ့ ကမ္ဘာ့အံ့ဘွယ်နေရာတခုဖြစ် နေပါတယ်။ အသွားအပြန် ၂ နာရီခွဲလောက်ကြာပါတယ်။ နေ့လည်စာ စားပြီးနောက် ကွေယမ်းကို ၄ နာရီ ခွဲလောက်မောင်းရပါတယ်။ လမ်းတလျှောက် Nicolas က မြောင်းလူမျိုးဖြစ်တဲ့ သူဇနီးနဲ့ ဘယ်လိုစတွေ့ပုံ ဘယ်လိုဘယ်ပုံတောင်းပုံ မြောင်းတို့ရဲ့ ဓလေ့ထုံစံတွေ သူ့ဘဝအကြောင်းတွေကို ပြောပြရင် ကွေ့ယမ်းကိုရောက်ခဲ့ ပါတယ်။ ကွေ့ယမ်းရောက်ရင် ငါးဟင်းရည်ဟင်းကို မစားမနေရ ဆိုတဲ့အတိုင်း ငါးဟင်းရည် ညစာ စား ပြီး ဟော်တယ်ပြန်ရောက်တော့ ည ၇ နာရီခွဲ နေပါပြီ။

April 21, တနင်္ဂနွေနေ့၊ ထုံစံအတိုင်း wake-up call ၆ နာရီ၊ မနက်စာ ၇ နာရီ၊ ၈ နာရီ စထွက်။ ဟော်တယ်ကနေ ၂၀ မိနစ်လောက်မောင်းပြီးတော့ Qianling shan Park အဝကိုရောက်ပါတယ်။ မနက်ပိုင်း ဒေသခံတွေလာပြီး အဖွဲ့လိုက် ကသူတွေက ကကြ၊ လေ့ကျင့်ခန်းယူသူတွေက ယူ၊ ကျားထိုးနေသူတွေက ထိုး၊ လမ်းလျှောက်သူတွေ က လျှောက်၊ ကျနော်တို့လို လှုပ်ရှားမှုတွေကို ဟိုငေးဒီငေး သမားတွေ နဲ့ အလွန်ပဲ စည်းကားလှတဲ့ ပန်းခြံတခုပါပဲ။ ကျနော်တို့လည်း ငေးရင်လျှောက်ရင်နဲ့ ဝင်လာခဲ့ကြတယ်။ တနေရာရောက်တော့ မျောက်တွေကို စတွေ့ရပါတယ်။ တောင်ပေါ်မှာလည်း ထင်ရှားတဲ့ ဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်းတွေလည်းရှိတယ်။ အဲဒီတောင်ပေါ်မှာ ပန်းပင် နဲ့ သစ်ပင်ပေါင်း ၁၅၀၀ ကျော်ရှိပြီး ဆေးဘက်ဝင်အပင်ပေါင်း ၁၀၀၀ ကျော် ရှိကြောင်းသိရပါတယ်။ ကျနော်တို့ ၂ နာရီ လောက်အချိန်ယူလည်ပြီးနောက် Qingyan ကိုထွက်ခဲ့ကြတယ်။ ဒီမြို့ဟာ Ming နဲ့ Qing ဘုရင်မင်းများလက်ထက်က စစ်တပ်စခန်းမြို့ ဖြစ်ခဲ့ဘူးတယ်။ နှစ် (၆၀၀) ကျော်ရှိပြီဖြစ်တဲ့ အဲဒီမြို့ ရဲ့ မြောက်ဘက် တံခါးကဝင်ပြီး အဲဒီရှေးဟောင်းမြို့ထဲက ဆိုင်တဆိုင်မှာ နေ့လည်စာ စားဖြစ်တယ်။ နေ့လည်စာ စားပြီးတော့ ရှေးဟောင်းမြို့ ကို လမ်းလျှောက်ကြည့်ပြီး ၂ နာရီခွဲမှာ Fanjingshan ဘက်သို့ ထွက်လာခဲ့ပါတယ်။ ည ၇ နာရီခွဲမှာ ညစာ စားဖြစ်တယ်၊ Mount Fanjing Borui Resort မှာတည်းဖြစ်ပါ တယ် ဟော်တယ်ရောက်တော့ ည ၉ နာရီရှိနေပါပြီ။